# MYANMAR INDUSTRIES CRAFT & SERVICES TRADE UNION FEDERATION

Apartment No- 47/
East Dogon, Yangon.
officemics7@gmail.com
09-776767968, 09-970371770

မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်


**MADE (Multi-Stakeholder Alliance for Decent Employment in the Myanmar apparel Industry)**
**စီမံချက်အား ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ထုတ်ပြန်ကြေငြာချက်**

၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၂၂ ရက်

၁။ မြန်မာနိုင်ငံရှိ အလုပ်သမားများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်ခံရသည့်အပြင် ဆိုးရွားသော လုပ်ငန်းခွင်အခြေအနေများကို ကြုံတွေ့နေရပါသည်။ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့် ချိုးဖောက်ခံရခြင်းနှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် ချိုးဖောက်ခံရခြင်း၊ မြန်မာအလုပ်သမားများ တရားမျှတမှု မရှိသော အလုပ်ထုတ်ပယ်ခံရခြင်း၊ လုပ်ငန်းခွင်တည်မြဲပိုင်ခွင့် မရှိခြင်းနှင့် လုပ်ငန်းခွင်ဖိနှိပ်မှု အခြေအနေများ ကြုံတွေ့လာရပါသည်။

၂။ လူနေမှုစရိတ်များ မြင့်တက်နေချိန်တွင် အလုပ်သမားများသည် လုပ်ခလစာနည်းပါးနေပါသည်။ သိန်းနှင့်ချီသော အလုပ်သမားအများစုမှာ အမျိုးသမီးအလုပ်သမားများဖြစ်ပြီး ထိုအမျိုးသမီး အလုပ်သမားများသည် နေ့စဉ်သတ်မှတ်ထားသော အထည်စံနှုန်းများကို ပြည့်မီစွာပေးနိုင်ရေးအတွက် အလုပ်ခလစာမရဘဲ အချိန်ပိုအပါအဝင် နာရီပေါင်းများစွာ အလုပ်လုပ်နေကြရသည်။ လုပ်ငန်းခွင်အခြေအနေ ယိုယွင်းလာသည်နှင့်အမျှ အလုပ်နှင့်အိမ်အပြန်ခရီးသည်လည်း အလုပ်သမားများအတွက် ဘေးကင်းရေး ခြိမ်းခြောက်မှုဖြစ်လာပါသည်။

၃။ ဤခက်ခဲသောအခြေအနေများအောက်တွင် MICS-TUsF သည် အလုပ်သမားများကိုကိုယ်စားပြုရန် အဖွဲ့ချုပ်၏အခန်းကဏ္ဍကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ထားပါသည်။ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုနှင့် အကြံပေးလမ်းညွှန်မှုများကိုဆက်လက် လုပ်ဆောင်နေပါသည်။

၄။ ဥရောပသမဂ္ဂ EU ၏ ပံ့ပိုးမှုဖြင့် Seaqua နှင့် EuroCham ( ဥပရောပနိုင်ငံမှ အလုပ်ရှင်များ အဖွဲ့အစည်း)တို့မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော **MADE (Multi-Stakeholder Alliance for Decent Employment in the Myanmar apparel Industry) စီမံချက်အား** မြန်မာနိုင်ငံ စက်မှု၊ လက်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(MICS-TUsF)မှ ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်း ကြေငြာအပ်ပါသည်။

၅။ အလုပ်သမားများကို ကိုယ်စားမပြုသော အဖွဲ့အစည်းများ( NGO )များသည် အလုပ်သမားများကို ကုန်အမှတ်တံဆိပ်များ၊ အလုပ်ရှင်များနှင့် ပေါင်းကူးသည့်အခန်းကဏ္ဍအနေဖြင့် လုပ်ဆောင်နေပြီး၊ MADE initiative မှ အကြံပြုထားသည့်အတိုင်း မကျေနပ်ချက်ကိုင်တွယ်မှုစနစ်ကို ဖော်ဆောင်ခြင်းအား ကျွန်ုပ်တို့

MYANMAR INDUSTRIES CRAFT & SERVICES
TRADE UNION FEDERATION

Apartment No- 47/
East Dogon, Yangon.
officemics7@gmail.com
09-776767968, 09-970371770

MICS-TUsF

မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

ကန့်ကွက်ပါသည်။ အလုပ်သမားများကို ကိုယ်စားမပြုသော အဖွဲ့အစည်းများ( NGO )များ၏ လုပ်ဆောင်မှုများသည် အဖွဲ့ချုပ်များမှ ထိန်းချုပ်စောင့်ကြည့်ခြင်းမရှိဘဲ အလုပ်သမားများ၏ အခွင့်အရေးများကို ခြယ်လှယ်ခြင်းဆီသို့ ဦးတည်သွားစေနိုင်သည်။ ၎င်းသည် အလုပ်သမားများကို အတုအယောင်ဆောင် ကိုယ်စားပြုခြင်းသို့လည်း ဦးတည်စေနိုင်သည်။ ရေရှည်တွင် ယင်းသည် အလုပ်သမားသမဂ္ဂများ၏ အခန်းကဏ္ဍကို ပိုမိုကျဆင်းစေမည်ဖြစ်သည်။

၆။ ဤခက်ခဲသော နိုင်ငံရေးအခြေအနေအောက်တွင် MICS-TUsF သည် အဖွဲ့ချုပ်အဖြစ် မိမိတို့၏အခန်းကဏ္ဍကို ဆက်လက်လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။ မကျေနပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်ပြီး လုပ်ငန်းလည်ပတ်ဆဲဖြစ်သော စက်ရုံများတွင် အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့် နိုင်ငံမှထွက်ခွာမည့် ကုန်အမှတ်တံဆိပ်များအတွက် ထုတ်လုပ်သည့် စက်ရုံများတွင်လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။ အလုပ်သမားများ၏အမှုကိစ္စများတွင် MICS-TUsF သည် ကုန်အမှတ်တံဆိပ်နှင့်/ သို့မဟုတ် suppliers၊ အလုပ်ရှင်များနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
micstusf@protonmail.com

MICS-TUsF